ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

ကုန်သွယ်ရေးဦးစီးဌာန

**Myanmar Tradenet Member ဝင်ခြင်းနှင့်သက်တမ်းတိုးလျှောက်ထားခြင်းဆိုင်ရာ**

**သတင်းလွှာ( ၈ /၂၀၂၀)**

ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ မေလ ၂၀ ရက်

အကြောင်းအရာ။ **Myanmar Tradenet Member ဝင်ခြင်းနှင့် သက်တမ်းတိုးလျှောက်ထားခြင်းများကို သတ်မှတ်ကာလအတွင်း ယာယီသက်တမ်းတိုးဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အသိပေးကြေညာခြင်း**

၁။ ကမ္ဘာနှင့်အဝှမ်းဖြစ်ပေါ်လျက်ရှိသော Coronavirus Disease 2019 (COVID-19) ကြောင့် စီးပွားရေးလုပ်ငန်းများ ထိခိုက်မှုလျော့နည်းသက်သာစေရန်နှင့် ရုံးလုပ်ငန်းများတွင် လူအချင်းချင်းထိတွေ့ဆောင်ရွက်မှုများကို လျှော့ချနိုင်ရန်အတွက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် (၂၀-၅-၂၀၂၀)ရက်နေ့မှ (၃၁-၇-၂၀၂၀) ရက်နေ့ အတွင်း Myanmar Tradenet Member ဝင်ခြင်းနှင့် သက်တမ်းတိုးခြင်းများကို နေပြည်တော်(ရုံးချုပ်)နှင့် ပို့ကုန်သွင်းကုန်ရုံး(ရန်ကုန်)သို့ ကိုယ်တိုင်လာရောက် လျှောက်ထားရန်မလိုအပ်ဘဲ သတ်မှတ်စာရွက်စာတမ်းများဖြင့် အီးမေးလ် “dotictygn@gmail.com” သို့ ပေးပို့လျှောက်ထားမှုများကို လက်ခံဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

၂။ ယင်းကဲ့သို့ အီးမေးလ်မှတစ်ဆင့် ဆောင်ရွက်ပေးသည့် ကာလအတွင်း Member Fees များနှင့်စပ်လျဉ်း၍ ကုမ္ပဏီလုပ်ငန်းရှင်များ၊ ကိုယ်စားလှယ်များအနေဖြင့် ရုံးသို့ လာရောက်ပေးသွင်းရန်မလိုအပ်ဘဲ (၁-၈-၂၀၂၀) ရက်နေ့မှ (၁၀-၈-၂၀၂၀) ရက်နေ့အတွင်းတွင် သက်ဆိုင်ရာရုံးသို့လာရောက်၍ ပေးသွင်းရမည်ဖြစ်ပါသည်။

၃။ Member Fees များပြန်လည်ပေးသွင်းရာတွင် အီးမေးလ်ပေးပို့၍လျှောက်ထားခဲ့သည့် ရက်မှစတင်၍ တစ်နှစ်စာနှစ်စဉ်ကြေးကို ပေးသွင်းရမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ကုန်သွယ်ရေးဦးစီးဌာန